# သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ၏

# ကွင်းဆင်းစစ်ဆေးချက်အစီရင်ခံစာ

## နိဒါန်း

၁။ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၇ ရက်နေ့တွင် ကျင်းပသော သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်အရ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးတောင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ (၁၃.၉.၂၀၁၈) ရက်နေ့မှ (၁၄.၉.၂၀၁၈) ရက်နေ့အထိ ကွင်းဆင်းစစ်ဆေးခြင်း ဖြစ်ပါသည်။

## ရည်ရွယ်ချက်

၂။ ပုပ္ပါးတောင်၏ သဘာဝပတ်ဝန်းကျင်အား ထိန်းသိမ်းရန်နှင့် ကောင်းမွန်သော ဂေဟစနစ်ဖြစ်ပေါ်စေရန် ရည်ရွယ်ပါသည်။

## အသေးစိတ်တင်ပြချက်

၃။ ၂၀၁၈ခုနှစ်၊ စက်တင်ဘာလ ၁၃ ရက်နေ့တွင် ပုပ္ပါး ရွှေသရဖူ ဟိုတယ်၌ လိုင်စင်ဖြင့် ကျောက်ထုတ်လုပ်ခြင်းလုပ်ငန်းများ လုပ်ကိုင်နေကြသော ကျောက်ထုတ် လုပ်ငန်းရှင်များအသင်းမှ အဖွဲ့ဝင်များ၏ ရှင်းလင်းတင်ပြချက်များ၊ လိုအပ်ချက်များ၊ အခက်အခဲများကို ကြားနာပါသည်။ (၁၄.၉.၂၀၁၈) ရက်နေ့တွင် ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ရုံး၌ ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေးမှူး၊ ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနမှူး (မြေစာရင်း)၊ မြို့နယ်သစ်တောဦးစီးဌာန တာဝန်ရှိသူတို့နှင့် တွေ့ဆုံပြီး မြင်သာယာအဆိုပြုကာကွယ်တောအတွင်း စီးပွားဖြစ်ကျောက်ထုတ်လုပ်နေမှု အခြေအနေများကို ဆွေးနွေးကြပါသည်။ ထို့နောက် ကျောက်ပုံတောင် (မြင်သာယာ အဆိုပြု ကာကွယ်တော)တွင် တရားဝင်/ တရားမဝင် ကျောက်ထုတ်လုပ်နေကြသော အခြေအနေများနှင့် ကြက်မောက်တောင်ဆည်တွင် လက်ရှိပကတိအခြေအနေများကို ကွင်းဆင်း စစ်ဆေးခဲ့ကြပါသည်။

၄။ တွေ့ရှိချက်များအနေဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းတွင် တိုင်းဒေသကြီးအစိုးရသို့ သတ်မှတ်သည့် အခွန်များပေးဆောင်၍ တရားဝင်လုပ်ကိုင်နေကြသော ကျောက်ထုတ်လုပ်ရေး လုပ်ငန်းရှင် (၂၄)ဦး တွေ့ရှိခဲ့ပါသည်။၎င်းလုပ်ငန်းရှင်များအနေဖြင့် ခွင့်ပြုမိန့်လိုင်စင်သက်တမ်းမှာ ၂၀၁၈ခုနှစ်၊ ဇူလိုင်လတွင် ကုန်ဆုံးပြီးဖြစ်သဖြင့် ဆက်လက်ခွင့်ပြုလိုင်စင် ရရှိရေးအတွက်

ကျောက်ပန်းတောင်းမြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူးမှတဆင့် ညောင်ဦးခရိုင် အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာနရုံးသို့ ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်အတွက် သက်တမ်းတိုးအမှုတွဲများ တင်ပြထားရှိကြောင်း စစ်ဆေးတွေ့ရှိခဲ့ကြပါသည်။ တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် လမ်းခင်းကျောက် ထုတ်လုပ် ကြရာတွင် ကျောက်ကျင်း တစ်ကျင်းကို (၂၅၀၀)ကျပ်နှုန်းဖြင့် အခွန်ပေးသွင်းခဲ့ကြကြောင်း တွေ့ရှိခဲ့ရပါသည်။ကော်မတီအနေဖြင့် စစ်ဆေးစဉ်ကာလတွင် သက်တမ်းတိုးခွင့်ပြုလိုင်စင် မရရှိသေးသော်လည်း ယခုအချိန်တွင် လိုင်စင်ခွင့်ပြုချက်ရရှိပြီးဖြစ်ကြောင်း ကြားသိရပါသည်။ တရားဝင်လုပ်ကိုင်နေသူ (၂၄)ဦးတွင် တစ်နှစ်စာအတွက် ကျောက်ကျင်းရေ အနည်းဆုံးပမာဏ ကျင်း(၂၅၀)နှင့် အများဆုံးပမာဏ ကျင်း(၁၀၀၀)အတွက် အခွန်အခများ ပေးသွင်းခဲ့ကြောင်း သိရှိရပါသည်။ ကွင်းဆင်းစစ်ဆေးချက် အရ တစ်နှစ်စာအတွက် ထိုသို့ ပေးသွင်းခဲ့ခြင်းမှာ လက်ရှိအချိန်တွင် ထုတ်လုပ်သော အခြေအနေနှင့် နှိုင်းစာပါက အင်မတန် နည်းပါးသော ပမာဏဖြစ်၍ နိုင်ငံတော်အတွက် အခွန်အခရရှိမှုမှာ နည်းပါးနေ၍ နိုင်ငံတော် အတွက် နစ်နာနေကြောင်း တွေ့ရှိရပါသည်။

၅။ တရားဝင်ခွင့်ပြုလိုင်စင်ရ လုပ်ငန်းရှင် (၂၄) ဦးနှင့် တွေ့ဆုံဆွေးနွေးမှုနှင့် ကွင်းဆင်း စစ်ဆေးချက်များအရ တရားမဝင် လမ်းခင်းကျောက်ထုတ်လုပ်သူမှာ (၇၀)ဦးကျော်ခန့်ရှိပြီး တရားဥပဒေလိုက်နာမှု အားနည်းနေကြောင်း တွေ့ရှိရပါသည်။ ထိုကဲ့သို့ တရားဥပဒေ လိုက်နာမှုမရှိခြင်း၊ စည်းမဲ့ကမ်းမဲ့ လုပ်ကိုင်နေခြင်းတို့ကြောင့် သဘာဝပတ်ဝန်းကျင်ကို ကြီးမားစွာ ထိခိုက်ပျက်စီးစေသည့်အပြင် နိုင်ငံတော်အတွက် ရသင့်သည့် အခွန်အခများ လုံးဝမရရှိသဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကြီးမားစွာ ပျက်စီးနေကြောင်း တွေ့ရှိရပါသည်။

၆။ မြိုင်သာယာအဆိုပြုကာကွယ်တောသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သစ်တော ရေးရာ ဝန်ကြီးဌာန၏ ၁၉၉၉ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် ရက်စွဲပါ အမိန့်ကြော်ငြာ စာအမှတ်(၁၃၃/၉၉) ဖြင့် ကျောက်ပန်းတောင်းမြို့နယ်အတွင်းရှိ အကျယ်အဝန်း (၃၉၂၅)ဧက (၆.၁၃)စတုရန်းမိုင်ခန့်ရှိ နယ်မြေကို သဘာဝပတ်ဝန်းကျင် ဇီဝမျိုးကွဲများ ထိန်းသိမ်းရန်အလို့ငှါ သစ်တောဥပဒေပုဒ်မ(၆)၊ ပုဒ်မခွဲ(က)အရ အပ်နှင်းထားသော အခွင့်အာဏာများကို ကျင့်သုံးလျက် မြိုင်သာယာ ကြိုးပြင်ကာကွယ်တော အဖြစ် သတ်မှတ်ခဲ့ပါသည်။ ၂၀၁၈ခုနှစ်အထိ ကြားကာလ (၁၉)နှစ်တိုင်အောင် အဆိုပြုကာကွယ် တောအဖြစ် ဖွဲ့စည်းနိုင်ခြင်းမရှိခြင်းကြောင့် မြေအသုံးချမှုများ ပြောင်းလဲမှုရှိခဲ့ပါသည်။ (၁၈.၉.၂၀၁၇) ရက်နေ့ ရက်စွဲပါစာအမှတ် ၆၄၆/မယ (၂၀၁၇) မြိုင်သာယာကြိုးပြင် ကာကွယ်တောအဖြစ် တိုးချဲ့ ဖွဲ့စည်းရန်အတွက် ကျောက်ပန်းတောင်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၏ ပြန်ကြားချက်အရ အဆိုပြုဧက (၃၉၂၅)မှ ကျောက်ပန်းတောင်း- မိတ္ထီလာ လမ်းဘေးရှိ ယာ၊ မြေ၊ လမ်းမြေဧက (၅၀၀)ကို ချန်လှပ်၍ အဆိုပြု

ကြိုးပြင်ကာကွယ်တော (၃၄၂၅)ဧကကို အတည်ပြုခဲ့ ကြောင်းသိရှိရပါသည်။ ၎င်းကြိုးပြင်ကာကွယ်တောအတွင်းတွင် ကွင်းဆင်းစစ်ဆေးစဉ်အချိန်၌ တရားဝင်ကျောက်ထုတ်လုပ်လုပ်ငန်းလုပ်ကိုင်နေကြသော လုပ်ငန်းရှင်(၂၄)ဦးမှာ ပါဝင်ခြင်းမရှိဘဲ တရားမဝင် (၇၀)ဦးကျော်ခန့်လုပ်ကိုင်နေကြသဖြင့် ရတနာတန်းဝင်ပင် များပြားစွာ ပေါက်ရောက်သော သစ်တောများပြုန်းတီးခြင်း၊ သဘာဝပတ်ဝန်းကျင် ဇီဝမျိုးကွဲများပျက်စီးခြင်း၊ လမ်းခင်းကျောက်ကောင်းများမတွေ့မခြင်း ကျောက်တောင်များကို စက်ယန္တရားများဖြင့် ခွင့်ပြုချက်မရှိဘဲ ဖြိုချခြင်းများကြောင့်တောတောင်များ မလိုအပ်ဘဲ ပျက်စီးခြင်း၊ ကျောက်ကွင်းများအတွင်းသို့ဝင်ရောက်ရန် လမ်းကြောင်းများ ဖောက်လုပ်ခြင်းကြောင့် သစ်တောဧရိယာများစွာ ပျက်စီးခြင်း၊ ခွင့်ပြုချက်မရှိဘဲထုတ်လုပ်မှု အရေအတွက်များပြားနေသဖြင့် တရားဥပဒေဘောင်အတွင်းမှ ထိန်းသိမ်းရန်ပျက်ကွက်မှုများကြောင့် အဂတိလိုက်စားမှုများ ဖြစ်ပေါ်လာနိုင်ပြီး အုပ်ချုပ်ရေးမှူးများ၏ စစ်ဆေးကြပ်မတ်မှုအားနည်းနေကြောင်း တွေ့ရှိရပါသည်။

၇။ အဆိုပါ အဆိုပြုကာကွယ်တောတွင် တရားဝင် တိုင်းဒေသကြီးအစိုးရထံသို့ အခွန်အခပေးဆောင်၍ လုပ်ကိုင်နေသော ကျောက်ထုတ်လုပ်ငန်းရှင် (၂၄)ဦးအပြင် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနအောက်ရှိ သစ်တောဦးစီးဌာနသို့ တရားဝင်အခွန်အခပေးဆောင်၍ လုပ်ကိုင်နေသော မြတ်နိုးသူ ဆောက်လုပ်ရေးကုမ္ပဏီလည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ ၎င်းကုမ္ပဏီသည် ကျောက်ပန်းတောင်း- မိတ္ထီလာ - ညောင်ဦး လမ်းပိုင်းတွင်ြ.ဥ့.စနစ်ဖြင့် လုပ်ကိုင်ဆောင်ရွက်နေသော ကုမ္ပဏီဖြစ်ပါသည်။ ၎င်းကုမ္ပဏီထုတ်လုပ်နေသောကျောက်ကွင်းနေရာ သည် အဆိုပြုကာကွယ်တော ကြိုးပြင်ကာကွယ်တောအတွင်း ပါဝင် လျက်ရှိခြင်း၊ ဌာနလွဲမှား၍ အခွန်အခ ပေးဆောင်နေခြင်း၊ လက်ရှိအချိန်တွင်ြ.ဥ့. စနစ်ဖြင့် ခွင့်ပြုချက်ရထားသော ကုမ္ပဏီ ဖြစ်သော်လည်းကျောက်ထုတ်ခွင့် လိုင်စင်သက်တမ်းတိုး မရရှိခြင်းတို့ ဖြစ်ပေါ်လျက်ရှိပါသည်။ ထို့ကြောင့်၎င်းကုမ္ပဏီအားကြိုးပြင်ကာကွယ်တောအတွင်း မပါဝင်သောမြေနေရာတွင် တိုင်းဒေသကြီး အစိုးရသို့ တရားဝင်အခွန်အခများ ပေးဆောင်စေ၍ သက်တမ်းတိုးလိုင်စင်ခွင့်ပြုသင့်ကြောင်း တွေ့ရှိ ရပါသည်။

၈။ ၁၉၆၆-၁၉၆၇တွင် တည်ဆောက်ပြီးစီးခဲ့သော ကြက်မောက်တောင်ဆည်သည် သိုလှောင်နိုင်သည့် ရေပမာဏ(၇၃၁၀၀)ဧကရှိပါသည်။ ဆည်ရေပေးနိုင်သည့်ဧရိယာမှာ လက်ရှိ (၂၂၇၆၅)ဧက ခန့် ရှိပါသည်။ သို့သော် ရေဆင်းဧရိယာ (၁၃၈.၉၈)စတုရန်းမိုင်မှာ ကြိုးပြင်ကာကွယ် တောအတွင်း ကျရောက်လျက်ရှိပါသည်။ အဓိကရေဝင်ချောင်းဖြစ်သော ကျောက်ပုံချောင်းလည်း အပါအဝင် ဖြစ်ပါသည်။ အဆိုပါ ရေဆင်းဧရိယာများအတွင်းတွင် တရားမဝင်ကျောက် ထုတ်လုပ်ခြင်းများကြောင့် ဆည်အတွင်း နုံးပို့ခြင်း၊ ဆည်ကောခြင်းများ ဖြစ်ပေါ်လျက်ရှိသောကြောင့် နှစ်စဉ်

ရေဝင်ပမာဏ နည်းပါးလာသည်ကို တွေ့ရှိရပါသည်။ ထို့ကြောင့် စိုက်ပျိုးရေပေးဝေနိုင်မှု နည်းပါးလာသဖြင့် ယခင်က မိုးစပါး၊ နွေစပါး ဧက(၂၀၀၀၀)ခန့် စိုက်ပျိုးနိုင်ခဲ့ကြသော်လည်း ယခုအခါ စိုက်ပျိုးဧကမှာ (၇၀၀၀)ခန့် သာ စိုက်ပျိုးနိုင်သဖြင့် ရေပေးဝေနိုင်မှု မရှိခြင်းက ဒေသခံ တောင်သူလယ်သမားများ၏ စားဝတ်နေရေး နှင့် စီးပွားရေးကို ကြပ်တည်းစေကာ ဆင်းရဲမွဲတေမှု ပိုမိုများပြားလာစေပါသည်။

## အကြံပြုချက်

၉။ (က) သဘာဝပတ်ဝန်းကျင်ကိုဆိုးရွားစွာထိခိုက်သောစက်ယန္တရားကြီးများဖြင့်ဆောင်ရွက်နေသော ကျောက်ထုတ်လုပ်ရေး လုပ်ငန်းများအား လုံးဝ (လုံးဝ) ရပ်ဆိုင်း ရန်၊

(ခ) ဒေသခံပြည်သူများအတွက် အလုပ်အကိုင်ဖန်တီးမှု ဖြစ်ပေါ်စေရန် ပုပ္ပါးတောင် နယ်မြေနှင့် ဆက်စပ်သော သစ်တောဌာနမှ အသုံးပြုထား သည့် ကာကွယ်တောများနှင့် လွတ်ကင်း သောနေရာများတွင် သဘာဝ ပတ်ဝန်းကျင်ထိခိုက်မှု အနည်းဆုံးဖြစ်သော တနိုင်တပိုင် ကျောက်ခွဲ လုပ်ငန်းများကို စိစစ်ခွင့်ပြုရန်၊

(ဂ) သက်ဆိုင်ရာဌာနများအနေဖြင့် မိမိတို့ဌာနအလိုက် လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ဖွယ်ရှိသည်များကို အချိန်နှင့်တပြေးညီ အရေးယူ ဆောင်ရွက်ခြင်း မရှိ၊ ထိရောက်သောအုပ်ချုပ်ရေး သက်ရောက်မှုမရှိသည့် အနေအထားမျိုး တိုးတက်ဖြစ်ပေါ်လာနေပြီး အစိုးရအဖွဲ့အနေဖြင့် သက်ဆိုင်ရာ အုပ်ချုပ်ရေးဌာန တာဝန်ရှိသူများအား ပိုမိုထိရောက်သော ကြပ်မတ် ကွပ်ကဲမှု ဆောင်ရွက်ပေးရန်၊

(ဃ) ပုပ္ပါးတောင်အနီးတဝိုက် ပတ်ဝန်းကျင်သစ်တောဖုံးလွှမ်းသည့် မည်သည့်နေရာတွင် မဆိုမြေလွှတ်၊ မြေလပ်၊ မြေရိုင်းများလျှောက်ထားမှု ခွင့်မပြုရန် နှင့် ခွင့်ပြုပြီး အကောင်အထည်မဖော်ရသေးသည့်နေရာများကို ပြန်လည်ရယူပြီး မှားယွင်းစွာ လုပ်ငန်းလုပ်ဆောင်နေမှုများကို ထိရောက်စွာ အရေးယူရန်၊

(င) သဘာဝပတ်ဝန်းကျင်ထိခိုက်မှုကို ကာကွယ်နိုင်ရန်အတွက် မြိုင်သာယာအဆိုပြု ကာကွယ်တောကို ကြိုးပြင်ကာကွယ်တောအဖြစ် အမြန်ဆုံးခွင့်ပြုပေးစေလိုခြင်း၊

(စ) သဘာဝပတ်ဝန်းကျင်ကို အလွန်အမင်းထိခိုက်နေသောကြောင့် ကျောက်ထုတ်လုပ်နေသူများက ကျောက်ကောင်းမတွေ့မခြင်း စမ်းသပ်ရှာဖွေမှု များကို အမြန်ဆုံး တားမြစ်စေခြင်း၊

(ဆ) တရားဝင် ခွင့်ပြုလိုင်စင်ရထားသော ကျောက်ထုတ်လုပ်နေသူများအနဖြင့် တရားဝင်ခွင့် ပြုထားသော ဧရိယာအတွင်း၌သာ ထုတ်လုပ်စေခြင်း၊

**နိဂုံး**

၁၀။ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ၏ မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်၊ ပုပ္ပါးတောင် သဘာဝပတ်ဝန်းကျင်နှင့် ပတ်သက်၍ ကွင်းဆင်းစစ်ဆေးမှု အခြေအနေအား သိရှိလမ်းညွှန်မှုပြုနိုင်ပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**

**သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးကော်မတီ**

**မန္တလေးတိုင်းဒေသကြီးလွှတ်တော်**